# ပဏ္ဍိတာရာမ (ဆစ်ဒနီ) သာသနာ့ရိပ်သာ

**Panditarama Sydney Meditation Centre Inc.**

Incorporation No. INC 9875078

70 Market Street, Smithfield NSW 2164, Australia. Phone : +61-2-9729-2343

## လစဉ်ဈေးရောင်းပွဲဖိတ်ကြားလွှာ

**ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာ၏ စက်တင်ဘာလ (၁)လတည်းအတွက်သာ**

**လစဉ် ရန်ပုံငွေရှာ ဈေးရောင်းပွဲ နေ့ရက် ပြောင်းရွှေ့ခြင်း**

ဆစ်ဒနီမြို့၌ နေကြကုန်သော ဓမ္မမိတ်ဆွေအပေါင်းတို့ သိစေအပ်ပါသည်။ စက်တင်ဘာလ (၁)လတည်းအတွက်သာ လစဉ်ဈေးရောင်းပွဲကို နေရာအားလပ်မှုအပေါ် မူတည်၍ လစဉ် ပုံမှန် ပထမအပတ် တနင်္ဂနွေနေ့တိုင်း ကျင်းပပြုလုပ်ရာမှ စက်တင်ဘာလ(၄)ရက် စနေနေ့သို့ ပြောင်းရွှေ့ ပြုလုပ်လိုက်ရပါကြောင်း အသိပေးအပ်ပါသည်။

နေ့ရက်----- **၀၄-၀၉-၂၀၁၀။ စနေနေ့**

အချိန်-------**နေ့လည် (၁၂)နာရီမှ ညနေ (၅)နာရီထိ**

နေရာ------- Villawood Senior Citizen Hall

Villawood Road, Villawood NSW 2163

NEAR ALDI SUPER MARKET

### ပုံမှန်တရားစခန်းများကို ခေတ္တ-ရပ်နားထားခြင်း

ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာ၌ ပုံမှန်ပြုလုပ်နေကျဖြစ်သော (၃)ရက်တရားစခန်း၊ (၁၀)ရက်တရားစခန်းများကို အခြေအနေအရ ခေတ္တ-ရပ်နားထားပါသည်။ သို့ပါသော်လည်း တစ်ဦးချင်းအနေဖြင့် အရဏ်ဆွမ်းနှင့် နေ့ဆွမ်းများကို မိမိတို့ အစီအစဉ်ဖြင့် လာရောက်၍ တရားအားထုတ်ခြင်းများ ပြုလုပ်နိုင်ပါသည်။ မိမိတို့ အားလပ်ရက် အစဉ်ပြေသလို မည်သည့်နေ့ရက်မဆို လာရောက် တရားအားထုတ်နိုင်ကြပါသည်။

### ''မျက်နှာပိုး''သတ်ပါရစေ

ဆစ်ဒနီမြို့မှာနေကြတဲ့ ရွှေမြန်မာပရိသာတ်အပေါင်းကို စိတ်နှလုံး ရွှင်ပြုံးစေလိုတဲ့ စေတနာတစ်ခုတည်း အရင်းခံလျက် လစဉ် ဟာဒယရွှင်ဆေးလေးတွေ ရေးဖွဲ့သီကုံးပြီး လာခဲ့တာ နှစ်များလည်း အတော်ရခဲ့ပြီလေ။ တခါတရံ လွန်လွန်ကဲကဲ နောက်ပြောင်ရေးခဲ့မိတာတွေလည်း ရှိခဲ့ပါတယ်။ အရင်းနှီးဆုံးပုဂ္ဂိုလ်ဆိုရင် ပိုပြီးနောက်လို့ကောင်းတာ သဘာဝပဲလေ။ ကာယကံရှင်များက ရွှေစိတ်တော်မခုဘဲ၊ သီးခံခြင်း ခွင့်လွှတ်ခြင်း စိတ်ဓာတ်တွေ အပြည့်အဝ ရှိတယ်ဆိုတာ စာတွေနဲ့တင်မဟုတ်ဘဲ လက်တွေ့ပါ ပြလိုက်ကြတော့ တကယ့်ကို ကြည်ညိုမိပါတယ် လေးစားမိပါတယ် ဂုဏ်ယူမိပါတယ် စာရေးသူကို နောက်လျှင်တောင် ဒီကလောက် သီးခံနိုင်ဖို့ဆိုတာ အတော်ကြီးခက်ပါတယ်။ ဆွေနဲ့မျိုးနဲ့ ခွဲခွာပြီး နိုင်ငံရပ်ခြားမှာ အခြေအနေ ဘဝပေးကြောင့် ဘဝသစ်ထူထောင်ဖို့ လာရောက်ကြတဲ့အခါ ဆုံတွေ့ကြရသူတွေအတွက် ခင်ရာဆွေမျိုးပဲလို့ မှတ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ပြောမနာ၊ ဆိုမနာ၊ ဆဲမနာ၊ ရိုက်မနာ၊ ပုတ်မနာ (ကိုယ်ကချည်း တဖက်သတ် အနိုင်စည်းနဲ့ ရေးနေရလို့ ပြောတာ မဟုတ်ရိုး အမှန်ပါ) ရင်းနှီး သီးခံမှုရှိတဲ့ အလွန်ကောင်းတဲ့ လက္ခဏာတရပ်ပါပဲ။ ဒီလို ခန္တီစတရားလက်ကိုင်ထားတတ်ကြတဲ့ အလေ့အကျင့်လေးတွေကို ဘဝတလျှောက်လုံး လက်ကိုင်ထားကြရင်ဖြင့် ဗုဒ္ဓရဲ့ မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ခြင်းဖြစ်လို့ ကောင်းကျိုးတွေ မုချမသွေ ခံစားကြရမှာပါ။

ဟာသလေးတွေ စဉ်းစားရတာ၊ မည်သူ့ကို မည်သို့သောအကြောင်းရပ် ဦးတည်ထားပြီး မည်သို့သော ဟာသစကားလုံးလေးတွေ သုံးရင် သင့်တော်မလဲဆိုတာ စဉ်းစားရတာ အတော်လေး ဦးဏှောက်ခြောက်ရပါတယ်။ စိတ်တွေ ထွေပြားရပါတယ်။ သမာဓိရဲ့ အနှောက်အယှက်ဖြစ်ရပါတယ်။ အသက်ကြီးလာတော့ အချိန်မရွေး မာလကီးနိုင်တယ် မဟုတ်လား၊ ဒါကြောင့်လည်း သမာဓိလေး ထူထောင်ပြီး ဘာဝနာအလုပ်လေး လုပ်ပြီး အသေမဦးခင် ဉာဏ်ဦးအောင် လုပ်ထားမှ တော်တော့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်မိတာကြောင့် ''ဒီလတော့ ဟာသ မျက်နှာပိုးလေးသတ်ပြီး'' တည်တည်တံ့တံ့ စကားလေးတွေပဲ ပြောဖို့ ရေးဖို့ လုပ်တော့မယ်နော်။

**သတ္တဝါ ဝေနေယျတို့ ချမ်းမြေ့ကြစေသောဝ်။**

### ဒီလ ဖွယ်ဖွယ်ရာရာ စားစရာ စုံစုံကတော့---------

သံသရာက ပါလာတဲ့အထုံကြောင့် မကလိရ မနေနိုင်လို့ နည်းနည်းတော့ ကလိလေး ထိုးလိုက်ပါရစေအုံး--

**(၁) မုန့်ဟင်းငါး** ဦးစောတကောဝါး+ဒေါ်သန်းသန်းငွေ

အမေက ငါ့သမီးကြီးလာရင် ချမ်းချမ်းသာသာ ဖြစ်ပါစေလိုတဲ့ဆန္ဒနဲ့ ''သန်းသန်းငွေ''လို့ နာမည်မှည့်ပေးလိုက်ပါတယ်။ သန်းကြွယ်သူဌေး ဖြစ်စေချင်လို့ ''သန်း''ကိုတောင်မှ သေချာအောင်''နှစ်လုံးထပ်ပြီး''မှည့်ပေးထားတာပါ။ ဘဝဆိုတာ

လိုချင်တာ မဖြစ်ပါဘူး။ တိုင်းပြည် အခြေအနေက မပေးတော့ တနယ်ရပ်ခြားမှာ လူလာလုပ်ရတော့ ရည်မှန်းချက်နဲ့ ကင်းဝေးခဲ့ရတယ်လေ။ လိုတာမရပေမယ့် ရတာကိုပဲ လိုအင်အဖြစ် ပြောင်းယူလိုက်ရတာပါပဲ။ စိတ်ထားတတ်ဖို့ပဲ အဓိကပါ။ လစဉ်ဘုန်းကြီးကျောင်း တစ်ကျောင်းစီ လှည့်ပြီး ချက်ပြုတ် ဒါနလုပ်ရတော့လည်း သန်းကြွယ်သူဌေးနဲ့ ဘာများထူးသေးလို့လည်း အမြဲလှူနေရတော့ စိတ်ချမ်းသာလို့။

## (၂) ကီးမားပလာတာ၊ ''တော်ဝင်ပတ္တမြား မုန့်ဟင်းငါး''အထုပ်၊ ပဲပြုတ်လဘက်ရည်....

ဦးခင်မောင်ဝင်း+ဒေါ်ခင်လှမူဝင်း

တက္ကသိုလ်မှာတုန်းက ရာဇဝင်ကို အထူးပြု သင်အံ လေ့လာခဲ့ရပါတယ်။ မြန်မာရှင်ဘုရင်တွေ ပွဲတော်တည်ရာမှာ ဟင်းပုဂံပေါင်း ရာနှင့်ချီပြီး စားကြတဲ့အကြောင်း လေ့လာခဲ့ရပါတယ်။ အခုတော့ အိမ်ကရာဇာကြီးကို ဟင်းပေါင်းစုံ ချက်ကျွေးရတဲ့ဘဝ ရောက်ခဲ့ရပါပြီ လက်တွေ့ဘဝလေ။ ကျမကလည်း ရာဇာကတော်ကြီးကိုဖြစ်လို့ ဒါကြောင့်လည်း ထိုက်ထိုက်တန်တန် ဖြစ်ရအောင် ရာဇာကြီးကိုပဲ ''လဘက်ရည်တော်ဆက်'' အဖြစ် ခန့်ထားလိုက်ရပါတယ်။ မနက်စောစော လဘက်ရည်လေး ဖျော်ပြီးသား အဆင်သင့် သောက်ရတာများ စည်းစိမ်ရှိလိုက်တာ။

## (၃) ရှင်ဘုရင်စားတဲ့ ''ငပိရေ''

မင်းတုန်းမင်းကြီး ပွဲတော်တည်တဲ့အခါ မိဖုရားခေါင်ကြီးမှအစ အဆောင်ရ မိဖုရားများဟာ မိမိတို့စိတ်တိုင်းကျ ချက်ပြုတ်ပြီး ဟင်းပွဲများ စီစဉ်ပေးတဲ့အလေ့ ရှိကြပါတယ်။ မင်းတုန်းမင်းကြီးက ဟင်းအမယ်များကို အနည်းငယ်စီ မြည်းကြည့်ပြီးမှ အာတွေ့တဲ့ဟင်းကို အဓိကထားပြီး ပွဲတော်တည်ပါသတဲ့။ ''ဒီနေ့ ဒီဟင်း ဘယ်သူချက်သတုန်း'' မေးပြီး အဲဒီညမှာပဲ ထိုဟင်းချက်သူ မိဖုရားအဆောင်ကို ဆောင်တော်ကူးလေ့ရှိပါတယ်။ ဆောင်တော်အကူးခံရတဲ့ မိဖုရားကတော့ ကျန်မိဖုရားများအလယ်မှာ မျက်နှာပန်းပွင့်ပြီး မော်ကြွားနိုင်ပါတယ်။ တနေ့တော့ မင်းတုန်းမင်းကြီး ဟင်းမြည်းရာ ဘယ်ဟင်းမှ လျှာမတွေ့ပါဘူးတဲ့။ မိဖုရားအများ ဗျာများပြီး ခေါင်းမီးတောက်ရတဲ့အချိန်မှာ ငယ်ငယ်ရွယ်ရွယ် မောင်းမတစ်ယောက်က အရဲစွန့်ပြီး အရှင်မင်းကြီးဘုရား တပည့်တော်မ ပြုလုပ်တဲ့ ငပိရေဟာဖြင့် လျှာမတွေ့ချိန်မှာ လျှာတွေ့စေနိုင်ပြီး အရှင်မင်းကြီး ဆွမ်းစားမြိန်ပါလိမ့်မယ်လို့ လျှောက်ထားလိုက်ပါသတဲ့။ မင်းတုန်းမင်းကြီးလည်း ငပိရေကို တစ်ဇွန်းခပ်ပြီး ထမင်းနဲ့နယ်စားကြည့်ရာ လျှာတွေ့သွားပြီး ဟဲ့မောင်းမ ငါ့ကိုနေ့တိုင်း ငပိရေဆက်စမ်းလို့ အမိန့်ပေးလိုက်ပါသတဲ့ အဲဒီနေ့ နောက်ပိုင်းမှာ မိဖုရားအများဟာ သူတို့အဆောင်ကို မင်းတုန်းမင်းကြီး အဆောင်တော် မကူးတော့ကြောင်း သတိထားမိကြပြီး စုံစမ်းကြည့်တော့ ငပိရေဆက်တဲ့ ကိုယ်လုပ်တော်မောင်းမကို အဆောင်ပေးပြီး အဲဒီအဆောင်ကိုပဲ ဆောင်တော်ကူးတာကို သိကြရပါသတဲ့။

မိဖုရားအများလည်း ရှင်ဘုရင်တောင် ငပိရေ ကြိုက်သေးတာပဲ၊ ငါတို့လည်း ငပိရေ ကြိုက်လိုက်ကြအုံးစို့ရဲ့လို့ ပြောပြီးသကာလ ညအခါ ငပိရေ ဇာတ်ခင်းကြပါသတဲ့ အဖြစ်အပျက်ကတော့ ဒါပါပဲ။ ကဲ ရှင်ဘုရင်စားတဲ့ ငပိရေလေး ဒီအပတ်ရောင်းလိုက်အုံးမယ် ရှင်ဘုရင်ဖြစ်လိုသူများ အပြေးသာ လာဝယ်ကြပေတော့။ လူသိရှင်ကြား မဝယ်ဝံ့သူများ ဖုန်း ၉၅၂၉၂၃၄၃ ကို ဆက်၍ ကြိုတင်စာရင်းပေးပြီး ဝယ်နိုင်ပါကြောင်း၊ အိမ်ရှင်မကို အလိုမကျလျှင် နှုတ်ကဖွင့်ပြောစရာမလို ငပိရေလေးသာ ထုတ်စားပြလိုက်ပါ သဘောပေါက်လိမ့်မယ် ကိုယ်တွေ့မို့ပြောတာပါ။

ငပိရေ ရာဇာ ရဲဝင်း

## (၄) ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး

ကျမတို့အဖွဲ့ကိုမြင်ရင် ''ဟိုမှာ ရှမ်းခေါက်ဆွဲ၊ တို့ဟူးနွေး''တို့လာပြီလို့ ပြောတတ်ကြပါတယ်။ ဒါပဲ လုပ်တတ်သလား
လို့တော့ မထင်လိုက်ပါနဲ့ ပရိသတ်က ဒါကိုပဲတောင့်တလို့ ပရိသတ်အကြိုက် လိုက်လုပ်ပေးရတာပါ။

အလှူရှင်များက.....ကိုဆန်နီ(Sonny)မမော်ရှမ်း

ရန်အောင်နဲ့ နန္ဒာလှိုင်လို့ ခေါ်ချင်လဲခေါ်ပါ။ စိတ်မဆိုးပါဘူး။ ကျမနာမည်မှာ ''ရှမ်း''ပါလို့ နာမည်က စီးသလားမပြောတတ်ပါဘူး။ အပျိုဘဝတုန်းက အမေက မြို့ကိုအသွား ငါ့သမီး ဘာလိုချင်သလဲလို့မေးတော့ (Sony Walkman) လေးသဘောကျတာနဲ့ စာရွက်ပေါ်မှာ ရေးပေးလိုက်တာ စာလုံးပေါင်းတာ ရှမ်းသွားမိလို့ (Sonny Walkman) လို့ရေးပေးမိလိုက်ပါတယ်။ အမေက တလွဲအဓိပ္ပါယ်ကောက်ပြီး လမ်းလျှောက်နေတဲ့ (Sonny)ဆိုတဲ့ လူလေးတစ်ယောက်ကို ခေါ်လာပြီး ကျမနဲ့ ထိမ်းမြားပေးလိုက်တာ ကလေး(၂)ယောက် အဖက်တင်သွားပါတယ်။ တစ်သက်မှာ တစ်ခါပဲရှမ်းဘူးတာ တစ်သက်စာအတွက် ဖူလုံသွားရတော့တာပါပဲ။ တော်သေးတာပေါ့၊ ယောကျ်ားကောင်းလေး ရလိုက်မိလို့။

| | |
|---|---|
| ကိုဝင်းဝေမြတ်+မသန္တာ | ရိုးရိုးကြီးဇေယျနဲ့ ရိုးရိုးကြီး မေသစ်တို့အတွဲလေ စစ်ပြီးခေတ်မှာ နာမည်ကြီးခဲ့တဲ့ ရုပ်ရှင် သရုပ်ဆောင်အတွဲပေါ့။ |
| ကိုစံအေး+မမေဝင်း | (စံ)အိမ်ကြီးအပေါ်မှာ (အေး)မြမှုတွေနဲ့အတူ (မေ)အတွက် (ဝင်း)လက် တောက်ပြောင်အောင် သရုပ်ဆောင်ပေးနေရတယ်လေ။ |

ကိုသန်းထွေး+သီတာလေး (သန်း)ပေါင်းများစွာ ကမ္ဘာပေါင်းများစွာက မောပန်းနေတဲ့ (ထွေး)ကို အမြဲတမ်း အမောပြေ ဆေးလေး (သီ)ပေး လှမ်းပေးပြီး ကိုယ့်(တာ)ဝန် ကျေပြွန်အောင် (လေး)လေးစားစား လုပ်ပေးရပါတယ်။

ကိုကတွတ်+သီတာခင် အေးမြကြည်လင် (သီတာခင်)နဲ့ သူကတော့ စကားတွေ တဖွတ်ဖွတ် တ(တွတ်)တွတ် ပြောတတ်တယ်လေ။

ကိုဒေးဗစ်+မအေးမြ (အေး)ကို (ဒေး)က ခေါ်နေတယ် သူကအရပ်ကပုတော့ ပွဲခင်းထဲမှာ ပျောက်သွားရင် ရှာမရမှာ မပူပါနဲ့တဲ့ သူ့အသံကြောင့် ရှာရ လွယ်ပါတယ်တဲ့။

အားလုံးက တက်ညီလက်ညီ စေတနာ မို့မို့မောက်မောက်နဲ့ စုပေါင်း ချက်ပြုတ် လှူဒါန်းကြမှာပါ။

## (၅) မြီးရှည်။

ရှမ်းခေါက်ဆွဲနဲ့ မြီးရှည် နှစ်မျိုးစလုံး ဆင်တူ ရှမ်းအစားအစာတွေဖြစ်လို့ ဘာဖြစ်လို့ နှစ်ခုစလုံး လုပ်ရောင်းရတာလဲ လို့ မေးကြပေလိမ့်မယ်။ မတူရေးချ မတူပါဘူး။ Angi Joeli နဲ့ Jenny Annison တို့ (၂)ဦးစလုံး Hollywood Celebrity တွေဖြစ်ကြပေမယ့် တစ်ဦးနဲ့တစ်ဦး မတူတာလေးတွေ ရှိကြပါတယ်။ သူ့ပရိသတ်နဲ့သူပေါ့။ ရှမ်းခေါက်ဆွဲကို အာသီသ ရှိကြတဲ့ သူတွေ ရှိသလို၊ မြီးရှည်ကိုမှ တမ်းတကြတဲ့ သူတွေလည်း ရှိကြပါတယ်။ Brad Pitt လို နှစ်ဦးစလုံးကို ကြိုက်တဲ့သူ ရှိသလို၊ ရှမ်းခေါက်ဆွဲရော၊ မြီးရှည်ရော နှစ်မျိုးစလုံးကို ကြိုက်တဲ့သူတွေလည်း ရှိကြတယ်လေ။ ကျမလက်ရာ မြီးရှည်ကို စားကြည့်ပြီး ရင်တော့ ကျမမှ ကျမလို့ တမ်းတမနေကြနဲ့နော်။ လာမယ် ကြာမယ် တင်မာချို

## (၆) ဒံပေါက်

ကြက်အရှယ် အနုအရင့်ကို ရွေးရာမှာတော့ သူကစပါယ်ရှယ်လစ်၊ ပိုတာဖြုတ်၊ လိုတာ ခုတ်ထစ်တဲ့အရာမှာတော့ သူက မွေးရာပါ ဝါသနာပါသူလေ။ ဘုန်းကြီးကျောင်းရဲ့ လက်သမားဆရာကြီး ဂျိုနသန်၊ ခုတ်ပြီးသားကြက်ကို ဒိန်ချဉ် မဆလာ နယ်သူက တင်မာချို၊ ကြက်သွန်ကြော် ဆီသပ် ထမင်းနှပ်သူက ဉမ္မာစိုး၊ ချက်ပြီးသား ဒံပေါက်ကို ဘူးထဲထည့် အစဉ်သင့် ရောင်းမည့်သူတွေကတော့ ဘုန်းကြီးကျောင်းမှာ အပျော်တမ်း ဝေယျာဝစ္စ လုပ်ပေးနေသူတွေ အားလုံးပါပဲ၊ ဝယ်စားဖို့သာ ပြင်ကြပေတော့။

## (၇) နို့ခေါက်ဆွဲ

အုန်းနို့ခေါက်ဆွဲ လုပ်ရောင်းမလို့ပါပဲ။ အများက အုန်းကိုကြောက်လို့ နို့နဲ့ပဲချက်ပြီး နို့ခေါက်ဆွဲလို့ အမည်တတ်လိုက်ပါ တယ်။ ပူပူနွေးနွေးလေး ရမယ်လေ။ Colestrol တက်မှာ မပူပါနဲ့။ ဒါက ဆရာဝန်တွေ အလုပ်ပါ၊ ဟိုဟာရှောင် ဒါရှောင် လုပ်နေလို့ကတော့ လောကမှာ စားစရာ ဘာမှ ရှိမှာမဟုတ်တော့ပါဘူး၊ ကိုယ်စားချင်တာစား၊ တရားလွန် မဖြစ်စေနဲ့ ရောဂါ မရှိဘဲ နေရလို့ကတော့ ဆရာဝန်တွေ၊ ဆေးလုပ်ငန်း ကုမ္ပဏီတွေ၊ အလုပ်သမားတွေ၊ သုတေသန ပြုလုပ်နေတဲ့ သိပ္ပံပညာရှင် တွေ ထမင်းငတ်ဖို့ပဲ ရှိတော့မယ်။ ''ပျော်ပျော်နေ ပျော်ပျော်စား ပျော်ပျော်တရားလေးနဲ့နေ ပျော်ပျော်သာသေလိုက်ကြစို့ရဲ့။ ''ဝ''လည်း မကြောက်ဘူး၊ လူ့လည်း မကြောက်နဲ့လေ။

ဦးဒွန်+ဒေါ်ကြည်ကြည်ဝင်း

## (၈) မုန့်အချိုသရေစာ

ဆရာလေးနဲ့ စန်းစန်းအေးတို့က ဒီအပတ် ပရိသတ်အတွက် မြန်မာ့ရိုးရာ မုန့်ပဲသရေစာများ စီမံလို့ထားပါတယ်။

ကိုဝင်းမြင့်သိန်း+မစန်းစန်းအေး

**အားလုံး ဟဒယနှလုံး ရွှင်ပြုံးနိုင်ကြ၍**
**စီးပွားချမ်းသာ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ လန်းဖြာနိုင်ကြပါစေ**
**ပဏ္ဍိတာရာမ ဓမ္မမိသားစု။**

## Darling Habour မြန်မာ့ယဉ်ကျေးမှု ပြပွဲနှင့် ရန်ပုံငွေ ဈေးရောင်းပွဲ

(၁၂-၀၉-၂၀၁၀)နေ့တွင် Darling Habour ၌ ဆစ်ဒနီရှိ မြန်မာလူမျိုးစုပေါင်းစုံ စုပေါင်း၍ ယဉ်ကျေးမှုနှင့် ဈေးရောင်းပွဲ ကျင်းပမည်ဖြစ်ပါ၍ မြန်မာမိသားစုများ၊ မျက်စိပသာဒလည်းဖြစ်၊ ဝမ်းအာဟာရအတွက်လည်းဖြစ် လာရောက် အားပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အချိန်----နံနက် (၁၀)နာရီမှ ညနေ (၅)နာရီ။

## ''ကျွန်တော်တို့ခေတ်က ဂန့်ဂေါ်တောဆိုတဲ့ တက္ကသိုလ်မြကျွန်းသာ''

ယခင်လမှအဆက်

တဖန် စာကြည့်တိုက်မှဆက်ပြီး အဓိပတိလမ်းတလျှောက် ဆက်သွားခဲ့ရင်တော့ ရန်ကုန်တက္ကသိုလ်ရဲ့ ဗွားဘက်တော် သစ်ပုတ်ပင်ကြီးကို အထင်ကရ တွေ့ရပါမယ်။ သိပ္ပံ စာသင်ခန်းများနှင့် တက္ကသိုလ် လက်ထောက်မော်ကွန်းထိမ်းဦးစီးသိမ်းရဲ့ ရုံးခန်း၊ ငွေစာရင်းဌာနတို့ ရှိကြပါတယ်။ အဓိပတိလမ်းဆုံးလျှင်တော့ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခမ်းမ အဆောက်အဦးကြီးကိုရောက်ပြီး သူ့ရဲ့လက်ဝဲဘက်မှာတော့ စီးပွားရေးတက္ကသိုလ် ရှိပါတယ်။ အဓိပတိလမ်းတလျှောက် စတင်ဝင်လာရင်ပဲ လက်ဝဲ,လက်ျာ တဘက် တချက်ဆီမှာ ဂန့်ဂေါ်ပင်များဟာ အစီအရီ စိုက်ပျိုးထားပြီး ရာသီချိန်ရောက်ပြီဆိုလျှင် ဂန့်ဂေါ်ပန်းများ ဖူးပွင့်ဝေဆာနေကြပြီး ဂန့်ဂေါ်ပန်းရနံ့များ သင်းပျံ့ကြိုင်လှိုင်လို့နေပါတယ်။ စာကြည့်တိုက် မရောက်ခင်မှာ အင်းယားလမ်းဘက်ကို ချိုးသွားတဲ့ လမ်းတလျှောက်မှာလည်း ဂန့်ဂေါ်ပင်များ လမ်းတလျှောက် အစီအရီတန်း စိုက်ပျိုးထားပါတယ်။ စာကြည့်တိုက် နောက်ဘက်နှင့် နဘေးရှိ မြေကွက်လပ်မှာလည်း ဂန့်ဂေါ်ပင်ပုများ စိုက်ထားပုံက ဂန့်ဂေါ်တောလေးသဘွယ်ဖြစ်လို့နေပြီး အပင်အောက်က ခုံတန်းလျားလေးတွေပေါ်မှာ ထိုင်နေကြတဲ့ ကျောင်းသား၊ ကျောင်းသူ အတွဲလေးများကိုလည်း အစဉ်မြင်တွေ့နေရပါတယ်။ ဒါကိုပင် ရည်စူး၍ ''ဂန့်ဂေါ်တော''လို့ နာမည်တပ်ပြီး စာပေမှာ အထင်ကရ ရေးဖွဲ့ကြပါတယ်။

အင်းယားလမ်းတလျှောက် အမျိုးသမီးဘော်ဒါဆောင်များဖြစ်ကြတဲ့ အင်းယားဆောင်နဲ့ ရတနာဆောင်များ ရှေ့မှာလည်း ဂန့်ဂေါ်ပင်များ စီရယီတန်း စိုက်ပျိုးထားတာ တွေ့ရပါမယ်။ ပြည်လမ်းမှဝင်လျှင် ဂျက်(ဒ်)ဆင် (Judson Hall) ရှေ့လမ်းတဘက်တချက် သိရီဆောင်နှင့် တက္ကသိုလ်ဆရာများ နေအိမ်ရှေ့မှာတော့ ကုလားတမာလို့ခေါ်တဲ့ ရေတမာပင်တန်း ရှိပါတယ်။ သို့ပါသော်လည်း ရေတမာအမည်ဟာ ဂန့်ဂေါ်တောအမည်ကို ကျော်လွန်ထိုးဖောက်ပြီး မကျော်ကြားခဲ့ပေမယ့် ရေတမာပင်တန်းလေးမှာ အချစ်ဇာတ်လမ်းလေးတွေ ဖန်တီးခဲ့ပုံအကြောင်းတော့ စာပေမှာ တွေ့ရပါတယ်။ ဘွဲ့နှင်းသဘင်ခမ်းမဟာ တက္ကသိုလ် ပရိဝုဏ်ရဲ့ နယ်နိမိတ်ပါပဲ။ သူ့နောက်ဘက်မှာတော့ နာမည်ကြီးလှတဲ့ ကျယ်ပြောလှတဲ့ အင်းယားကန်လေ။ အင်းယားကန်ရဲ့အလှနဲ့ တက္ကသိုလ်ရဲ့ အလှသတင်းကတော့ အများသိကြပြီးဖြစ်လို့ ပြောပြစရာ မလိုတော့ပါဘူး။

အင်းယားကန်မှာတော့ အကြော်ဆိုင်လေးများ ရှိကြပါတယ်။ စာသင်ချိန် ပြီးတဲ့အခါ အကြော်ဆိုင်လေးတွေမှာ ဝိုင်းဖွဲ့တတ်ကြပြီး အကြော်စား၊ ရေနွေးကြမ်းသောက်၊ ထွေရာလေးပါး ဝိုင်းဖွဲ့စကားပြောကြ၊ စာပေဆွေးနွေးကြ၊ လှေလေးတွေငှားပြီး အပျော် လှေစီးထွက်ကြသူတွေ ရှိကြပါတယ်။ အင်းယားကန်ဘောင် တလျှောက်မှာတော့ ယခုလို စားသောက်ဆိုင်တွေ မရှိပါဘူး။ ညနေစောင်း အပျင်းပြေ၊ အညောင်းပြေ လမ်းလျှောက်အနားယူကြတဲ့ အဆောင်နေ ကျောင်းသား၊ ကျောင်းသူတွေသာ များကြပါတယ်။ ကံထူးကြတဲ့ သူတွေများတော့ အဖေါ်လေးတွေနဲ့ ယှဉ်တွဲလမ်းလျှောက်ပြီး စကားဖောင်ဖွဲ့ကာ မြူးကြွနေကြသလို အဖေါ်ရှာထွက်ကြတဲ့ သူတွေလည်း တပုံတပင်ကြီးပါပဲ။ အကြော်ဆိုင်မှ ထိုင်ပြီး အဖော်စောင့်နေကြသူတွေ ရှိသလို အကြော်ပုဂံရှေ့ထားပြီး အဖော်ရှာဖို့ အကြံအဖန်တွေလည်း မရှားပါဘူး။ မိန်းခလေး တစ်သိုက် လာတာတွေ့လျှင် ဒကာခံ အကြော် အော်ဒါမှာပြီး အတင်းခေါ်ယူ မိတ်ဆွေဖွဲ့တတ်ကြသူ မောင်မောင် ကျောင်းသားတစ်စုလည်း ရှိကြပါတယ်။

အင်းယားကန်ထဲမှာတော့ တက္ကသိုလ် လှေလှော်အသင်းရဲ့ တည်နေရာ ရှိပါတယ်။ Row Till You Die ဆိုတဲ့ လှေလှော်အသင်းကို စတင်တည်ထောင်ခဲ့သူ တစ်ဦးဖြစ်သော ကွယ်လွန်သူ ရေတပ်ဗိုလ်မှူးချုပ်ဟောင်း သန်းဖေ၏ ဆောင်ပုဒ်ကို ရေးထားတဲ့ ဆိုင်းဘုတ်ကို အထင်ကရ တွေ့ရပါမယ်။ တက္ကသိုလ် ပရိဝုဏ်အတွင်းမှာတော့ အရှည်ကို မျှော်တွေးတတ်ကြသူ ပုဂ္ဂိုလ်များရဲ့ အမြင်ကျယ်မှုကြောင့် ရှင်သန်ပေါက်ရောက်နေကြတဲ့ စိမ်းလန်းစိုပြေနေကြတဲ့ ပင်ကြီး ပင်ခိုင် သစ်ပင်ကြီးများ ပင်ပျိုပင်နု အရိပ်အာဝါသကောင်းလှတဲ့ ဂန့်ဂေါ်ပင် ရေတမာပင် စသည်တို့ကြောင့် မြသားအရောင် စိမ်းလန်း ဝေဖြာနေကြတဲ့ သစ်ရိပ် ဝါးရိပ်များကြောင့် ကျွန်တော်တို့ခေတ်မှာ ''မြကျွန်းသာ''လို့ အမည်တပ်ရအောင်အထိ ဖြစ်လာရပါတယ်။ တက္ကသိုလ် ကျောင်းသား/သူများနှင့် ဆရာ–ဆရာမ၊ ဝန်ထမ်းများအားလုံးရဲ့ ချစ်ခင်လေးစားခံရသော ပါမောက္ခချုပ်မှာ ဒေါက်တာ မောင်မောင်ခ ဖြစ်ပြီး၊ ဆရာကို ချစ်စနိုးနှင့် ကွယ်ရာမှာ ''ဆရာခ''လို့သာ ပြောဆို သုံးနှုံးကြပါတယ်။ ဆရာဟာ အရပ်ပုပု အသားညိုညိုနှင့် မျက်နှာအမူအရာမှာ အစဉ် ပြုံးလို့နေပါတယ်။ ဆံပင်ကို အမြဲ ဆီလိမ်းပြီး သပ်ယပ်စွာ ဖီးထားလေ့ ရှိပါတယ်။ လုံချည်ကို ခါးပတ်ဖြင့် အမြဲစည်းထားပြီး တိုက်ပုံအင်္ကျီ အမြဲဝတ်ပြီး ရှူးဖိနပ်စီးပါတယ်။ မနက်စောစော ကျောင်းသား/သူတွေ ကျောင်းတက်လာချိန်မှာ နောက်ပါအလုပ်သမား၊ ဥယျာဉ်မှူးတွေနဲ့ တက္ကသိုလ် ဝန်းကျင်တစ်လျှောက် လမ်းလျှောက်ပြီး သစ်ပင်များ၊ ပန်းပင်များ ကြည့်ကောင်းစေရန် ပြုပြင် မွမ်းမံခြင်း၊ အဆောက်အဦးများ ကြည့်ကောင်းစေရန် ဆေးသုတ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့ကို ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲပြီး တက္ကသိုလ် ပရိဝုဏ်ကြီး လှပတင့်တယ်စေရန် အချိန်ရတိုင်း လုပ်ဆောင်နေတာကို တွေ့ရပါတယ်၊ ဒါကြောင့်လည်း ဆရာ့လက်ထက်မှာ တက္ကသိုလ်ရဲ့ အလှဟာ နာမည်ကြီးရတာပါ။

ဆရာခဟာ အနုပညာ ဝါသနာပါသူ တစ်ဦးဖြစ်ပြီး တက္ကသိုလ် အနုပညာအသင်းကို ကိုယ်တိုင်ဦးစီးပြီး အနုပညာလုပ်ငန်းများကို ပံ့ပိုးပါတယ်။ ဆရာပါမောက္ခအဖြစ် အုပ်ချုပ်ခဲ့တဲ့ ရူပဗေဒဌာနမှာ ဆရာ့အတွက် အပန်းဖြေ အနားယူစရာ အခန်းတစ်ခန်း ထားရှိပေးထားပါတယ်။ အဲဒီအခန်းမှာ ပတ္တလားသံစဉ်များကို ပိုမို ကြည်လင်ပြတ်သားစေရန် သုတေသနလုပ်ပြီး ရူပဗေဒဌာနမှ ဆရာအချို့ဖြင့် ပူးပေါင်း၍ သုတေသနစာတန်းပင် တင်သွင်းခဲ့ပါသေးတယ်။ အရေးအကြောင်းကြုံ၍ ပါမောက္ခချုပ်ရုံးခန်းကို သွားရောက်ရသည့်အခါများ၌ ဆရာ့ရုံးခန်းအတွင်းသို့ အလွယ်တကူ ဝင်ရောက်ခွင့်ရပြီး ဝင်လာသူကို ''ဆရာ ဘာအကူအညီ ပေးရမလဲ''လို့ ပျူငှာစွာ နှုတ်ဆက်ရင်း ပြုံးပြတဲ့ ဆရာ့မျက်နှာကို ယနေ့ထိ မမေ့နိုင်သေးပါဘူး။ ဆရာစကားပြောလျှင် အသံကိုတိုးညှင်းစွာ ဖြေးဖြေးပြောလေ့ ရှိပါတယ်။ ဒေါသနည်းတဲ့ လက္ခဏာတစ်ရပ်ပါ။ ဆရာခကို လေးစားကြတဲ့ ရူပဗေဒကျောင်းသားများ (၁၉၆၄)ဝန်းကျင်က ဆရာ့ထံ ခွင့်တောင်းပြီး တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အဦး၏ရှေ့ လက်ျာဘက် ဓားလွယ်ခုတ်လောက်တွင် ဒသနိကဗေဒဌာနဘက်ကို သွားသော လူသွားလမ်းကလေးကို ''ဆရာခ''လမ်းသွယ်လို့ ဆရာခကို ဂုဏ်ပြုပြီး နာမည်ပေးလိုက်ကြပါတယ်။

ကျွန်တော်တို့ ၉–တန်း၊ ၁၀–တန်း ကျောင်းသားဘဝ (၁၉၆၅–၆၆)ခုနှစ် ဆရာခနှင့်အတူ ပူးတွဲ၍ ဦးစံသာအောင် (ရူပဗေဒပါမောက္ခ)တို့ ရေးသားပြုစုသော ရူပဗေဒစာအုပ်မှာ အထက်တန်း ကျောင်းသားများအတွက် ပြဌာန်းစာအုပ်ဖြစ်ပါတယ်။ အဲဒီစာအုပ်ကို အသုံးပြုပြီး ရူပဗေဒပညာကို စတင် သင်ကြားခဲ့ရပြီး၊ ရူပဗေဒဘာသာကို ဝါသနာ အပါကြီးပါခဲ့ရတဲ့အတွက် ဆရာတို့ကို မြင်ဆရာ၊ သင်ဆရာ အဖြစ် ကျေးဇူးတင်မဆုံးပါ။ ပါမောက္ခချုပ်ရာထူးမှာ အနားယူပြီး စာပေး စာယူ တက္ကသိုလ်မှာ တာဝန် ထမ်းဆောင်ပြီးမှ အနားယူသွားပါသည်။ ၁၉၉၃–ခုနှစ်လောက်မှာ အငြိမ်းစား ယူပြီးဖြစ်တဲ့ ဆရာခဟာ သမီးဖြစ်သူ ရှိရာ အမေရိကန်ကို သွားလည်ပြီး အပြန်တွင် ဘန်ကောက်ကို ဝင်နားရာမှာ ဘန်ကောက်ရှိ မြန်မာဆရာများ အလုပ်လုပ်နေကြတဲ့ ABAC တက္ကသိုလ် (Assumption University Business and Admininstration Callege) မှာ (၂)ညတာ ဝင်ရောက်ပြီး တပည့်များဖြစ်တဲ့ ရူပဗေဒဌာနဆရာဟောင်း ဒေါက်တာဇင်အောင်အိမ်မှာ တည်းစဉ် ကျွန်တော်တို့ကို နောက်ဆုံးပြောသွားတဲ့ စကားရပ်ကလေးကို ပြောပြချင်ပါသေးတယ်။

(၁၉၅၈–၆၀)ခန့်ဟု ထင်ပါသည် ဆရာခ တက္ကသိုလ် အနုပညာအသင်းမှာ ရှိစဉ်က မောင်မြတ်ကြွယ်ဆိုတဲ့ ကျောင်းသားလေးတစ်ယောက်နဲ့ မောင်လှမြင့်ဆိုတဲ့ ကျောင်းသားလေးတစ်ယောက်တို့ အနုပညာအသင်းကို ဝင်ဖို့လာပါတယ်။ ဆရာက မေးခွန်းလေးတွေ မေးပြီး ဝင်ခွင့်ပေးလိုက်ပါတယ်။ ဆရာ့ရဲ့ ဆုံးဖြတ်ချက် မှန်ကန်တယ်ဆိုတာကို ထောက်ပြပြီး တက္ကသိုလ် အနုပညာအသင်းက ပေါက်ဖွားလာခဲ့သော အနုပညာရှင်(၂)ဦးမှာ နောင်နှစ်ကာလတွေကြာတော့ မောင်မြတ်ကြွယ်ဆိုတဲ့သူက အနုပညာနှင့် ယဉ်ကျေးမှုဌာနမှာ ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်လာပြီး၊ မောင်လှမြင့်ဆိုသူကတော့ ''မြန်မာတပြည်လုံး အသဲစွဲ ရုပ်ရှင်မင်းသားချော၊ စာရေးဆရာ၊ စစ်ဗိုလ်လူထွက် ထပ်ဆင့်အကယ်ဒမီ ဆုပိုင်ရှင် ''ဝင်းဦး''တို့ ဖြစ်လာပါတယ်။ နောက်တနေ့မှာ ဆရာ့ကို ဘန်ကောက်လေယာဉ်ကွင်းကို လိုက်ပို့ နှုတ်ဆက် ကန်တော့လိုက်ရပြီး အဲဒီနေ့ဟာ ဆရာနဲ့ နောက်ဆုံးတွေ့လိုက်ရခြင်းပါပဲ။ (၁၉၆၀)ကျော်ဝန်းကျင်က ဖြတ်ဖြတ်လတ်လတ် တက်တက်ကြွကြွဖြင့် လှုပ်ရှားသွားလာနေခဲ့သောဆရာ့ကို (၁၉၉၃)ခုနှစ်မှာ ဘန်ကောက်လေယာဉ်ကွင်းမှ အထွက် လေယာဉ်ရှိရာကို တုန်တုန်ချိချိဖြင့် လမ်းလျှောက်ထွက်သွားသော မြင်ကွင်း(၂)ခု ကွဲပြားပုံကို နှိုင်းယှဉ်မြင်ယောင်မိရာမှ ဇရာဆိုတဲ့ အသိတရားလေး ကျွန်တော့်အတွေးထဲ မြင်ယောင်လာမိပါတယ်။ ငါလည်း တနေ့ ဒီလိုဖြစ်ရအုန်းမှာ မလွဲပါလို့။ (ရှေ့လဆက်ရန်)

*တရားမဟာသုတ*

**(ပိဋကတ်သုံးပုံ မြန်မာပြန် သုတ္တာန်အပိုင်း မဟာဝါအခန်းမှ ကူးယူဖော်ပြပါသည်)**
**ဂေါတမဗုဒ္ဓ ပရိနိဗ္ဗာန်မပြုမှီ နောက်ဆုံးသုံးလ**

အခါတပါး မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် ''အာနန္ဒာ ထိုင်စရာအခင်းကို ယူခဲ့လော့၊ နေ့သန့်စင်နေခြင်းငှာ စာပါလစေတီသို့ ချဉ်းကပ်ကုန်အံ့''ဟု ရှင်အာနန္ဒာအား မိန့်တော်မူပါ၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရား နောက်ပါးမှ လိုက်ပါလျှက် စာပါလစေတီသို့ ချဉ်းကပ်ခါ လိုက်ပါတော်မူလေသည်။ စေတီသို့ရောက်သော် ဘုရားရှင်သည် ပြင်ထားသောနေရာ၌ ထိုင်တော်မူပြီး ရှင်အာနန္ဒာအား အောက်ပါအတိုင်း မိန့်တော်မူ၏။

''အာနန္ဒာ–ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိ၏။ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ ဂေါတမစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏။ သာရန္ဒစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိ၏။ အာနန္ဒာ–တစ်စုံတစ်ယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွားများထား၏၊ လေ့ကျင့်ထား၏၊ ယဉ်ကဲ့သို့ ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူးထား၏။ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ၊ အာယုကပ်ထက် လွန်၍ ဖြစ်စေ တည်နိုင်ပေ၏။ အာနန္ဒာ– မြတ်စွာဘုရားသည်ကား ပြီးစီးခြင်း၏ အခြေခံ ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွားများထားပြီး ဖြစ်၏၊ လေ့ကျင့်ထားပြီး ဖြစ်၏၊ ယဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီး

ဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်၏၊ ကောင်းစွာ အားထုတ်ထားပြီးဖြစ်၏။ အာနန္ဒာ သို့ဖြစ်၍ မြတ်စွာဘုရားသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် လွန်၍ဖြစ်စေ တည်နိုင်ပေ၏''ဟု မိန့်တော်မူပါသည်။

မြတ်စွာဘုရားသည် ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပင် ပြသော်လည်း အရှင်အာနန္ဒာသည် သဘောပေါက်ခြင်းငှာ မစွမ်းသဖြင့် ''အသျှင်ဘုရား လူအများ၏ စီးပွားချမ်းသာ အလို့ငှာ နတ်လူတို့၏ အကျိုးစီးပွားနှင့် ချမ်းသာ အလို့ငှာ လောကကို စောင့်ရှောက်ရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်နေတော်မူပါလော့'' ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ မာရ်နတ်၏ နှောင့်ယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် ဖြစ်ချေ၏။ မြတ်စွာဘုရားသည် ဒုတိယအကြိမ်၊ တတိယအကြိမ် ထိုသို့ နိမိတ်စကား မိန့်ကြားစေကာမူ အရှင်အာနန္ဒာသည် သဘောမပေါက်နိုင်ဘဲ၊ မြတ်စွာဘုရားအား သတ္တဝါအပေါင်း၏ အကျိုးစီးပွားအလို့ငှာ အာယုကပ်ပတ်လုံး တည်နေပါဟု လျှောက်ထားတောင်းပန်ခြင်း မပြုမိပါချေ၊ မာရ်နတ်၏ နှောင့်ယှက်ခြင်း ခံနေရသောကြောင့်ပင် ဖြစ်တန်ရာပါသည်။ ထိုအခါ မြတ်စွာဘုရားသည် ''အာနန္ဒာ သင်သွားလော့၊ ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏''ဟု မိန့်တော်မူသဖြင့် ရှင်အာနန္ဒာလည်း ''အသျှင်ဘုရား ကောင်းပါပြီ'' ဟု ဝန်ခံပြီးလျှင် နေရာမှ ထ,၍ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ မနီးမဝေး တစ်ခုသောသစ်ပင်းရင်း၌ ထိုင်နေလေ၏။

စာရေးသူအမြင်ကို တင်ပြရပါလျှင် ရှေးဘုရားရှင်တို့၏ ပွင့်စဉ်အခါက လူတို့၏သက်တမ်းသည် လွန်စွာရှည်လျားကြပြီး ဘုရားရှင်များသည်လည်း ထိုအချိန်က လူ့သက်တမ်းအတိုင်းသာ နေရိုးထုံးစံ ရှိခဲ့ကြပါသည်။ ကျွန်တော်တို့၏ ဂေါတမဘုရားရှင်မှာ လူ့သက်တမ်း အတိုဆုံးဖြစ်သော တစ်ရာတန်း၌ ပွင့်ပါသဖြင့် အကယ်၍များ သံဃာအများ၊ နတ်ဗြဟ္မာများက သက်တမ်း ရှည်ဆန့်ပါရန် လျှောက်ထားတောင်းပန်လျှင် နေမည့်ဆန္ဒ ရှိနေမည် ထင်ပါသည်။ သာဓကတစ်ခုပြရပါလျှင် မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်သည့်နေ့၌ သစ္စာလေးပါးတရားကို သိရန် လူများအတွက် ခက်ခဲသဖြင့် တရားမဟောတော့ဘဲနေရန် စိတ်အကြံဖြစ်မိရာ ထိုအကြံကိုသိသော သဟမ္ပတိဗြဟ္မာကြီးက အသိဉာဏ်လုံလောက် ပြည့်စုံသောသူများလည်း ရှိကြပါသေးသဖြင့် ထိုသို့ ဉာဏ်ရည်မှီသူများ အကျိုးအတွက် တရားဟောပါရန် လျှောက်ထားတောင်းပန်သဖြင့် သစ္စာလေးပါးတရားကို ဟောကြား၍ သတ္တဝါအများ ကျွတ်တမ်းဝင်ကြရပါသည်။

အရှင်အာနန္ဒာ ဖဲသွား၍ မကြာမြင့်မှီ မာရ်နတ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားအား ဤသို့ လျှောက်ထားပါသည်။ ''အသျှင်ဘုရား ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသောစကားကိုဆိုတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ အသျှင်ဘုရား မြတ်စွာဘုရားသည် ဤစကားကို မိန့်တော်မူဖူးပါသည်။ ''မာရ်နတ် ငါ၏တပည့် ရဟန်းတို့သည် အကြင်မျှလောက်ကာလပတ်လုံး တတ်သိလိမ္မာ မရှိကြသေး၊ ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေး၊ မရဲရင့်ကြသေး၊ အကြားအမြင် မများကြသေး၊ တရားတော်ကို မဆောင်နိုင်ကြသေး၊ (လောကုတ္တရာ)တရားနှင့် လျော်သောတရားကို မကျင့်နိုင်ကြသေး၊ မိမိတို့ဆရာ့ဝါဒ(ဘုရားရှင်၏ ဝါဒတရား)ကို သင်ယူ၍ မပြောနိုင် မဟောနိုင်၊ မတည်တံ့စေနိုင်၊ မဖွင့်နိုင်၊ မဝေဖန်နိုင် မပေါ်လွင်စေနိုင်ကြသေး၊ ပေါ်ပေါက်လာသော သူတစ်ပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို မဟောပြနိုင်ကြကုန်သေး၊ ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည် မဟုတ်''ဟု မိန့်တော်မူဖူးပါသည်။ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား၏ တပည့်ရဟန်းတို့သည် ထိုသို့သော အရည်အချင်းတို့ဖြင့် ပြည့်ဝကုန်ပြီ ဖြစ်ပါ၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါလော့ အသျှင်ဘုရား ယခုအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ။

အထက်ပါအတိုင်း မာရ်နတ်သည် မြတ်စွာဘုရားရှင်အား ဘုရားရှင်၏တပည့် ရဟန်းတို့သည်ငှ်း၊ တပည့် ရဟန်းမိန်းမတို့သည်ငှ်း၊ တပည့်ဥပါသကာတို့သည်ငှ်း၊ တပည့် ဥပါသိကာမတို့သည်ငှ်း တတ်သိလိမ္မာ ရှိကြပါပြီ၊ ကောင်းစွာ ဆုံးမပြီး ဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင် များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ (လောကုတ္တရာ) တရားနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သောအကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ မိမိတို့ ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဖန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ပေါ်ပေါက်လာသော သူတစ်ပါးဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါကုန်ပြီ။ အသျှင်ဘုရား ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့၊ ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီဟု လျှောက်ပြန်၏။

တဖန်လည်း– အသျှင်ဘုရား မြတ်စွာဘုရားသည် ''မာရ်နတ် ငါ၏ မြတ်သောအကျင့်ဟုဆိုအပ်သော ဤသာသနာတော်သည် အကြင်မျှလောက်ကာလပတ်လုံး (ပညာရှိ) နတ်လူတို့ ကောင်းစွာပြနိုင်သည့်တိုင်အောင် မပြည့်စုံသေး၊ မစည်ပင်သေး၊ မပြန့်ပွားသေး၊ လူအများမသိသေး၊ များစွာမဖြစ်ထွန်းသေး၊ ထိုမျှလောက်ကာလပတ်လုံး ငါသည် ပရိနိဗ္ဗာန် ပြုတော်မူမည်မဟုတ်''ဟု(မိန့်တော်မူဖူးပါသည်)။ နောက်လဆက်ရန်